The Remuneration Committee is responsible for recommending to our Board a framework of remuneration for our Directors and Executive Officers, and determining specific remuneration packages for each Director and Executive Officer. The recommendations of our Remuneration Committee are submitted for endorsement by the entire Board. All aspects of remuneration, including but not limited to Directors' fees, salaries, allowances, bonuses, options and benefits in kind shall be reviewed by our Remuneration Committee. Each member of the Remuneration Committee is required to abstain from voting on any resolutions and making recommendations and/or participating in any deliberations of the Remuneration Committee in respect of his remuneration package.

Resolutions of a Remuneration Committee meeting shall be decided by a majority of votes by adopting "One Member One Vote System". In case of an equality of votes, the Chairman shall vote a second or casting vote.

Our Board Committees have also held the following number of meetings during the fiscal year ended 31 March 2018:

| Board Committee | Number of Meetings |
|---|---|
| Audit Committee | 3 |
| Nominating Committee | 2 |
| Remuneration Committee | 1 |

The number of Audit committee meetings attended by each of the member during the fiscal year ended 31 March 2018 is as set out below:

| Name | Position | Number of Audit Committee Meetings |
|---|---|---|
| U Thein Zaw | Chairman | 3 |
| U Aung Than | Member | 3 |
| U Thiha Lwin | Member | 3 |
| Daw Ohnmar Hlaing | Secretary | 3 |

The number of Nominating Committee meetings attended by each of the member during the fiscal year ended 31 March 2018 is as set out below:

| Name | Position | Number of Nominating Committee Meetings |
|---|---|---|
| U Thiha Lwin | Chairman | 2 |
| U Thein Zaw | Member | 2 |
| Dr. Nang Lai Yi Soe | Member | 2 |

The number of Renumeration meetings attended by each of the member during the fiscal year ended 31 March 2018 is as set out below:

| Name | Position | Number of Renumeration Committee Meetings |
|---|---|---|
| U Aung Than | Chairman | 1 |
| U Kyaw Swar Lwin | Member | 1 |
| Daw Ohnmar Lwin | Member | 1 |

## ကုမ္ပဏီ၏ စီမံခန့်ခွဲမှုဆိုင်ရာ နှင့် အုပ်ချုပ်မှုကဏ္ဍ

### ကျွန်ုပ်တို့ကုမ္ပဏီ၏ အချက်အလက်များ

ကျွန်ုပ်တို့ တီအမ်အိတ်ချ် တယ်လီကွန်းကုမ္ပဏီကို ၂၀၀၇ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့တွင် တာမိုးညဲချမ်းသာ ထွန်းဝေသော အများနှင့်မသက်ဆိုင်သောကုမ္ပဏီအဖြစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့တွင် တီအမ်အိတ်ချ်တယ်လီကွန်းကုမ္ပဏီလီမိတက်ဟု အမည်ပြောင်းလဲခဲ့ပြီး ၂၀၁၆ခုနှစ်၊ မေလ (၂၀)ရက်နေ့တွင် အများနှင့်သက်ဆိုင်သော အများပိုင်ကုမ္ပဏီအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့တွင် မှတ်ပုံတင်သက်တမ်းတိုးခဲ့ပြီး ၂၀၁၉ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့အထိ သက်တမ်းရှိပါသည်။ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၂၆)ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီဖြစ်လာပြီး ကုမ္ပဏီ၏ရှယ်ယာများကို စတော့အိပ်ချိန်းတွင် အရောင်းအဝယ် စတင်ပြုလုပ်နိုင်ခဲ့ပါသည်။
အခြားအသေးစိတ်အချက်အလက်များကို သိရှိနိုင်ရန်အတွက် အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ဝက်ဘ်ဆိုဒ် | www.tmhtelecom.com |
| ဖုန်းနံပါတ် | +၉၅၁ ၈၅၅၀၃၄၈ ၊ ၈၅၅၀၉၃၆ |
| ဖက်စ်နံပါတ် | +၉၅၁ ၅၇၃၂၃၂ |
| တရားဝင်မှတ်ပုံတင်ထားသောရုံးခန်းလိပ်စာ | အမှတ် (၅၄)၊ လေးလွှာနှင့်ငါးလွှာ၊ Eastern Business Centre,<br>လေးထောင့်ကန်လမ်းမကြီး ၊ သဃ်ာန်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ |

### ကျွန်ုပ်တို့ကုမ္ပဏီ၏ရည်မှန်းချက်(Mission)

ကျွန်ုပ်တို့၏ဖောက်သည်များနှင့် အောင်မြင်ကောင်းမွန်သော ဆက်ဆံရေးများထူထောင်လျက် အဆင့်အတန်းမြင့်မားသော ဝန်ဆောင်မှုပေးရန်

ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်များအကြား ယုံကြည်မှု၊ အားထားရမှု၊ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်ရန်

အကောင်းဆုံး ဆက်သွယ်ရေးဝန်ဆောင်မှုများကို မြန်မာပြည်သူများ အဆင်ပြေစွာရရှိအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန်။

### ကျွန်ုပ်တို့ကုမ္ပဏီ၏ မျှော်မှန်းချက် (Vission)

အကောင်းဆုံး ဆက်သွယ်ရေးဝန်ဆောင်မှုများကို မြန်မာပြည်သူများ အဆင်ပြေစွာရရှိအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန်။

### ကျွန်ုပ်တို့ကုမ္ပဏီက အဓိက တန်ဖိုးထားသည့်အချက်များ(Core Value)

- အပြန်အလှန်လေးစားခြင်း
- ရိုးသားမှုနှင့် ပွင့်လင်းမြင်သာမှု
- ယုံကြည်မှု
- တာဝန်ယူမှုနှင့် စိတ်ချရမှု
- စဉ်ဆက်မပြတ် လေ့လာသင်ယူမှု

**ကုမ္ပဏီ၏ ဖွဲ့စည်းပုံ**

ကျွန်ုပ်တို့ကုမ္ပဏီတွင် အခြား လက်အောက်ခံကုမ္ပဏီများမရှိပါ။

အောက်ဖော်ပြပါကုမ္ပဏီများသည် ကျွန်ုပ်တို့ကုမ္ပဏီနှင့် တွဲဖက်ကုမ္ပဏီဖြစ်ပါသည်။

| တွဲဖက်ကုမ္ပဏီအမည် | အဓိက လုပ်ငန်းဆောင်တာများ | ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံ | ကျွန်ုပ်တို့ ကုမ္ပဏီ၏ ပိုင်ဆိုင်မှု အချိုး |
|---|---|---|---|
| Myanmar GT Broadband Co., Ltd. | Broadband network services | မြန်မာနိုင်ငံ | ၃၈.၈% |

**ကော်ပိုရိတ်အုပ်ချုပ်မှု စနစ် အစီရင်ခံစာ (CORPORATE GOVERNANCE REPORT)**

ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့သည် ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်၏ အရေးပါပုံကို သိရှိနားလည်ပြီး နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့် ပြည်တွင်းအနေအထားကို ထည့်သွင်းစဉ်းစားပြီး ရေရှည်ကျင့်သုံးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့ဝင်များသည် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းဦးတည်ချက်များ၏ တာဝန်ဝတ္တရားများနှင့် ပတ်သက်ပြီး အပြည့်အဝတာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို လိုအပ်ချက်ရှိသည့်အတိုင်း အခါအားလျော်စွာ မကြာခဏ ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့တွင် သီးခြားလွတ်လပ်သော အစိတ်အပိုင်းတစ်ရပ်အဖြစ် အားကောင်းခိုင်မာစွာ ပါရှိရန် အလို့ငှာ သီးခြားလွတ်လပ်သော ဒါရိုက်တာ(၃)ဦးကို ခန့်အပ်ထားရှိပါသည်။ အဆိုပါ ဒါရိုက်တာများကို ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဆိုင်ရာကိစ္စရပ်များ၊ အထူးသဖြင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် ကုမ္ပဏီ၏ အဓိကအစုရှယ်ယာရှင်များနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် လွပ်လပ်မှန်ကန်စွာ ဆုံးဖြတ်နိုင်ရေးအတွက် မျှော်မှန်း၍ ခန့်အပ်ထားခြင်းဖြစ်ပါသည်။

ယခု အစီရင်ခံစာသည် ၂၀၁၈ခုနှစ်၊ မတ်လ ၃၁ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်တွင် လိုက်နာကျင့်သုံးလျက်ရှိသော ကော်ပိုရိတ်အုပ်ချုပ်မှုပုံစံကို ဖော်ပြထားခြင်းဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့ အစည်းအဝေးများနှင့် အစည်းအဝေးတက်ရောက်မှုအခြေအနေ**

ကျွန်ုပ်တို့ဒါရိုက်တာအဖွဲ့တွင် အဖွဲ့ဝင်(၁၀)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဒါရိုက်တာ (၁)ဦးချင်းစီ၏ အရည်အချင်းကိုသိရှိလိုပါက ယခုနှစ်ချုပ် အစီရင်ခံစာတွင်ပါရှိသည့် "ဒါရိုက်တာအဖွဲ့ဝင်များ" အပိုင်းတွင် လေ့လာကြည့်ရှုနိုင်ပါသည်။ ၂၀၁၈ခုနှစ်၊ မတ်လ (၃၁)ရက်၊ ဘဏ္ဍာရေးနှစ်တွင် ခန့်အပ်ထားရှိသော ဒါရိုက်တာအဖွဲ့ဝင်များမှာ-

**ဒါရိုက်တာများ**

ဦးမြင့်လွင် (ဥက္ကဋ္ဌ)
ဒေါ်ခင်နှင်းလွင်
ဦးကျော်စွာလွင်
ဦးသီဟလွင် (အုပ်ချုပ်မှုဒါရိုက်တာ)
ဒေါ်ဥမ္မာလွင်
ဒေါက်တာ နန်းလဲ့ရည်စိုး
ဒေါ်သူဇာ

**သီးခြားလွတ်လပ်သော ဒါရိုက်တာအဖွဲ့ဝင်များ**

ဦးဒေးဗစ်အိုလီဗာအေဘယ်လ်

ဦးအောင်သန်း

ဦးသိန်းဇော်

**ဒါရိုက်တာအစည်းအဝေးမှတ်တမ်းများ**

ဒါရိုက်တာအဖွဲ့အစည်းအဝေးများကို လစဉ် ပထမပတ်တွင် ကျင်းပလေ့ရှိပြီး၊ ထူးခြားသောကိစ္စရပ်များရှိပါက လိုအပ်သလို အကြောင်းကြား၍အရေးပေါ်အစည်းအဝေးကျင်းပလေ့ရှိပါသည်။ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ၂၀၁၈ခုနှစ်၊ မတ်လ(၃၁) ရက်နေ့အထိ စုစုပေါင်း(၁၂)ကြိမ်ကျင်းပခဲ့ပါသည်။ အောက်ဖော်ပြပါဇယားတွင် ဒါရိုက်တာတစ်ဦးချင်းစီ၏ အစည်းအဝေး တက်ရောက်မှုအကြိမ်အရေအတွက်ကို ဖော်ပြထားပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များ၏ အစည်းအဝေးတက်ရောက်မှု မှတ်တမ်း**

| ဒါရိုက်တာများ | လစဉ်ဒါရိုက်တာအစည်းအဝေး |
|---|---|
| ဦးမြင့်လွင် | ၁၀ |
| ဒေါ်ခင်နှင်းလွင် | ၉ |
| ဦးကျော်စွာလွင် | ၉ |
| ဦးသီဟလွင် | ၁၂ |
| ဒေါ်ဥမ္မာလွင် | ၉ |
| ဒေါက်တာနန်းလဲ့ရည်စိုး | ၁၂ |
| ဒေါ်သုဇာ | ၁၀ |
| ဦးဒေးဗစ် အိုလီဗာ အေဘယ်လ် | ၉ |
| ဦးအောင်သန်း | ၁၀ |
| ဦးသိန်းဇော် | ၁၀ |

**ဖွဲ့စည်းထားသော ကော်မတီများ**

ကျွန်ုပ်တို့၏ Board အဖွဲ့တွင် (က) စာရင်းစစ်ကော်မတီ၊ အမည်စာရင်းတင်သွင်းရေးကော်မတီ နှင့် အခကြေးငွေပေးရေး ကော်မတီဟု ကော်မတီ (၃)ခုဖွဲ့စည်းထားရှိပါသည်။

**စာရင်းစစ်ကော်မတီ**

စာရင်းစစ်ကော်မတီတွင် ကော်မတီအဖွဲ့ဝင် (၄) ဦးပါဝင်ပါသည်။

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးသိန်းဇော် | ဥက္ကဋ္ဌ |
| ၂ | ဦးအောင်သန်း | အဖွဲ့ဝင် |
| ၃ | ဦးသီဟလွင် | အဖွဲ့ဝင် |
| ၄ | ဒေါ်ဥမ္မာလှိုင် | အတွင်းရေးမှူး |

စာရင်းစစ်ကော်မတီ၏ ဥက္ကဋ္ဌမှာ ဦးသိန်းဇော် ဖြစ်ပြီး၊ ၎င်းသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။

စီမံအုပ်ချုပ်ရေးအဖွဲ့အား ကျွန်ုပ်တို့ကုမ္ပဏီအတွင်း ထိရောက်သော ထိန်းချုပ်ကွပ်ကဲရေးပတ်ဝန်းကျင် တစ်ရပ်ကို တည်ဆောက်ကာ ထိန်းသိမ်းထားနိုင်စေရေး ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့ကုမ္ပဏီဒါရိုက်တာအဖွဲ့က ၎င်း၏တာဝန်များဖြစ်သော ကျွန်ုပ်တို့ ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ကာကွယ်စောင့်ရှောက်ရေး၊ လုံလောက်သည့်စာရင်းများ ထားရှိထိန်းသိမ်းရေးနှင့် ကုမ္ပဏီတွင်း ထိရောက်သော ထိန်းချုပ်ကွပ်ကဲရေးစနစ်များ ဖော်ဆောင်ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်ရာတွင် စာရင်းစစ်ကော်မတီက အထောက်အကူပြုပါမည်။

စာရင်းစစ်ခြင်းဆိုင်ရာကိစ္စများအလို့ငှာ ဒါရိုက်တာအဖွဲ့၊ စီမံအုပ်ချုပ်သူရေးအဖွဲ့နှင့် ပြင်ပစာရင်းစစ်အဖွဲ့တို့အကြား စာရင်းစစ်ကော်မတီက ဆက်သွယ်ဆောင်ရွက်ပေးပါမည်။

စာရင်းစစ်ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်အလို့ငှာ အချိန်မှန်မှန် တွေ့ဆုံစည်းဝေးကြရပါမည် -

(၁) ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်းစာရင်းစစ်များ (ရှိလျှင်)နှင့် ပြင်ပစာရင်းစစ်တို့မှ ကျွန်ုပ်တို့၏ ကုမ္ပဏီတွင်း ထိန်းချုပ်ကွပ်ကဲရေးစနစ်အပေါ် အကဲဖြတ် သုံးသပ်ထားမှုအပါအဝင်၊ ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်းစာရင်းစစ်များ (ရှိလျှင်) နှင့် ပြင်ပစာရင်းစစ်တို့၏ လုပ်ငန်းအစီအစဉ်များကို စိစစ်သုံးသပ်ခြင်း။

(၂) နှစ်ပတ်လည် ဘဏ္ဍာရေးရှင်းတမ်းများအားလည်းကောင်း၊ ယင်းတို့နှင့်ပတ်သက်၍ ပြင်ပစာရင်းစစ်တို့၏ အစီရင်ခံစာအားလည်းကောင်း စိစစ်သုံးသပ်ကာ၊ စာရင်းစစ်များကဆွေးနွေးလိုသော ထူးခြားသည့် စာရင်းညှိပြင်ဆင်ချက်များ၊ အဓိက အန္တရာယ်ရှိနယ်ပယ်များ၊ စာရင်းကိုင်မူအပြောင်းအလဲများ၊ ဘဏ္ဍာရေးအစီရင်ခံစာဆိုင်ရာ အကျုံးဝင်သည့် စံနှုန်းများအား လိုက်နာမှု၊ စာရင်းစစ်ရာမှ ပေါ်ပေါက်လာသည့် အလေးဂရုပြုဖွယ်အရေးကိစ္စတို့ အပါအဝင် မည်သည့် အကြောင်းအရာတို့ကိုမဆို ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ထံမတင်ပြမီ လိုအပ်လျှင် စီမံအုပ်ချုပ်ရေးအဖွဲ့ မပါဝင်စေဘဲ ဆွေးနွေးခြင်း၊

(၃) အရှုံးအမြတ် ရှင်းတမ်းများ၊ လက်ကျန်ရှင်းတမ်းများနှင့် ဥပဒေအရလိုအပ်သော အခြားအလားတူ သတင်းအချက်အလက်များပါဝင်သည့် ကာလအလိုက် ဘဏ္ဍာရေးရှင်းတမ်းများအား ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ထံ မတင်ပြမီ စိစစ်သုံးသပ်ခြင်း၊

(၄) ကျွန်ုပ်တို့ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုရလဒ်များအပေါ် ဖြစ်စေ၊ ကျွန်ုပ်တို့ စီမံအုပ်ချုပ်သူများ၏ တုံ့ပြန်ဆောင်ရွက်မှုအပေါ် ဖြစ်စေ၊ အရေးပါသော သက်ရောက်မှုရှိနိုင်သည့် လိမ်လည်ထားကြောင်း မသင်္ကာဖွယ်အမှု၊ သက်ဆိုင်ရ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းတစ်စုံတစ်ရာဖြင့် စပ်လျဉ်း၍ နည်းလမ်းမကျမှု သို့မဟုတ် ဖောက်ဖျက်မှု တစ်စုံတစ်ရာနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်းစာရင်းစစ်များ (ရှိလျှင်) ဖြင့်လည်းကောင်း၊ ပြင်ပစာရင်းစစ်များဖြင့် လည်းကောင်း စိစစ်သုံးသပ် ဆွေးနွေးတိုင်ပင်ခြင်း၊

(၅) ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်ရေးအဖွဲ့က ပြင်ပစာရင်းစစ်များဖြင့် ပူးပေါင်းဆောင်ရွက်မှုအား စိစစ်သုံးသပ်ခြင်း၊

(၆) ပြင်ပစာရင်းစစ်များ ခန့်ထားမှု၊ ပြန်လည်ခန့်ထားမှုတို့အား စဉ်းစားသုံးသပ်ခြင်း၊

(၇) အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ဆက်သွယ်ဆောင်ရွက်ချက်များအား IPT Procedures အရ စိစစ်သုံးသပ် အတည်ပြုပေးခြင်း (IPT Procedures ကို အပိုဒ် ၅ "ဆက်နွယ်နေသူနှင့် ဆက်သွယ် ဆောင်ရွက်ချက်များ" အပိုင်းတွင် ပိုမိုအသေးစိတ် ဖော်ပြထားပါသည်)၊

(၈) အကျိုးစီးပွားပဋိပက္ခ ရှိနိုင်သောအခြေအနေများအား စိစစ်သုံးသပ်ခြင်း၊

(၉) ငွေရေးကြေးရေးကိစ္စ အစီရင်ခံတင်ပြမှုများ သို့မဟုတ် အခြားကိစ္စများတွင် မသမာမှုများ ရှိနိုင်ခြင်းအား စာရင်းစစ်ကော်မတီဥက္ကဋ္ဌထံ ဤကုမ္ပဏီ၏ ဝန်ထမ်းများက လျှို့ဝှက်သတင်းပေးနိုင်စေမည့် လုပ်ထုံးလုပ်နည်းများအား စိစစ်သုံးသပ်ကာ၊ ထိုသို့ သတင်းများနှင့်စပ်လျဉ်း၍ သီးခြားလွတ်လပ်စွာ စုံစမ်းစစ်ဆေးခြင်း၊ ဆက်လက် အရေးယူဆောင်ရွက်ခြင်းတို့အတွက် အစီအစဉ်များ စီမံထားရှိမှု သေချာစေခြင်း၊

(၁၀) ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့ကတောင်းဆိုသော အခြားစိစစ်သုံးသပ်ချက်များနှင့် ပရောဂျက်များကို တာဝန်ယူဆောင်ရွက်ခြင်းနှင့်၊ ကျွန်ုပ်တို့ စာရင်းစစ်ကော်မတီ၏ အရေးယူဆောင်ရွက်မှု လိုအပ်သည့်ကိစ္စများဖြင့် စပ်လျဉ်း၍

တွေ့ရှိချက်များကို အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း၊

(၁၁) ဥပဒေအရ လိုအပ်နိုင်သည့် အခြားလုပ်ငန်းများနှင့် တာဝန်များကို ယေဘုယျအားဖြင့် တာဝန်ယူဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ စာရင်းစစ်လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ အထက်ဖော်ပြပါတာဝန်များနှင့်အညီ၊ ဘုတ်အဖွဲ့ထံမှ လွတ်လပ်သောဆုံးဖြတ်ချက်များ ချမှတ်ရန် အခွင့်အာဏာသည် စာရင်းစစ်ကော်မတီထံတွင်ရှိသည်။ အထက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်များကို သုံးသပ်ခြင်းအရ၊ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့တို့၏ အထွေထွေအစည်းအဝေးတွင် သဘောတူခွင့်ပြုချက် ရရှိရန်အလို့ငှာ၊ ကုမ္ပဏီ၏ ဘဏ္ဍာရေးနှင့် စာရင်းအင်း မှတ်တမ်းများ သင့်မြတ်လျော်ကန်မှုနှင့် စည်းစနစ်တကျဖြစ်မှုတို့ ရရှိရေးအတွက် အခွင့်အာဏာသည် ကော်မတီထံတွင် ရှိသည်။

အထက်ဖော်ပြပါ တာဝန်များအပြင်၊ စာရင်းစစ်ကော်မတီသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များအပေါ် အရေးပါသော သက်ရောက်မှုရှိနိုင်သည့် လိမ်လည်မှု ဖြစ်စေ၊ နည်းလမ်းမကျမှု ဖြစ်စေ၊ ကုမ္ပဏီတွင်း ကြပ်မတ်ထိန်းချုပ်မှုများ အလုပ်မလုပ်မှု ဖြစ်စေ၊ မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း တစ်စုံတစ်ရာအား ဖောက်ဖျက်မှု ဖြစ်စေ စသည်တို့နှင့်စပ်လျဉ်း၍ မသင်္ကာဖွယ်ကိစ္စတစ်စုံတစ်ရာအပေါ် ကုမ္ပဏီတွင်း စုံစမ်းစစ်ဆေးမှုများအား အမိန့်ချမှတ်ကာ ဆောင်ရွက်စေပြီး၊ တွေ့ရှိချက်များအား စိစစ်သုံးသပ်နိုင်သည်။ စာရင်းစစ်ကော်မတီ၏ ကော်မတီဝင်တိုင်းသည် ၎င်း အကျိုးစပ်ဆိုင်မှုရှိနေသော ကိစ္စများဖြင့်ပတ်သက်သော မည်သည့်ဆုံးဖြတ်ချက်တွင်မဆို ပါဝင်မဲပေးခြင်းမှ ရှောင်ကြဉ်ရပါမည်။

စာရင်းစစ်ကော်မတီ၏ အစည်းအဝေးများကို စာရင်းစစ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည့်အလျောက်နှင့် လိုအပ်သည်ဟု ယူဆသောအခါတွင် ကျင်းပသည်။ စာရင်းစစ်ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို "အဖွဲ့ဝင်တစ်ဦးလျှင် မဲတစ်မဲစနစ် (One Member One Vote System)" ဖြင့် မဲအများစုဖြင့် ဆုံးဖြတ်ရမည်။ မဲတူညီနေခြင်း ဖြစ်ပေါ်သည့်အခါ ဥက္ကဋ္ဌသည် ဒုတိယမဲ သို့မဟုတ် ဆုံးဖြတ်မဲ ပေးရမည်။

အမည်စာရင်းတင်သွင်းရေးကော်မတီ

အမည်စာရင်းတင်သွင်းရေးကော်မတီ၏ အဖွဲ့ဝင် သုံးဦးတို့မှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးသီဟလွင် | ဥက္ကဋ္ဌ |
| ၂ | ဦးသိန်းဇော် | ကော်မတီဝင် |
| ၃ | ဒေါက်တာနန်းလှဲ့ရည်စိုး | ကော်မတီဝင် |

အမည်စာရင်း တင်သွင်းရေးကော်မတီ၏ဥက္ကဋ္ဌသည် ဦးသီဟလွင် ဖြစ်ပါသည်။ အမည်စာရင်းတင်သွင်းရေး ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ဦးကိုထားရှိရန် ဒါရိုက်တာအဖွဲ့က ရည်ရွယ်ပါသည်။ အဆိုပါ သီးခြား လွတ်လပ်သော ဒါရိုက်တာတစ်ဦး ခန့်အပ်ရန်နှင့် အမည်စာရင်းတင်သွင်းရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ရေးအတွက် ဒုတိယအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ကို ရယူဆုံးဖြတ်မည် ဖြစ်ပါသည်။

အမည်စာရင်းတင်သွင်းရေးကော်မတီသည် (က) သက်ဆိုင်ရာ ဒါရိုက်တာ၏ စွမ်းဆောင်ရည်အပေါ်မူတည်လျက် ၎င်းအား ပြန်လည် အမည်တင်သွင်းခြင်း၊ (ခ) ဒါရိုက်တာနေရာတစ်ခုကို သီးခြားလွတ်လပ်သော ဒါရိုက်တာထားရန် မထားရန် နှစ်စဉ် သတ်မှတ်ခြင်းနှင့် (ဂ) ဒါရိုက်တာတစ်ဦးအနေဖြင့် ၎င်း၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်နေခြင်း ရှိမရှိ ဆုံးဖြတ်ခြင်း စသည်တို့ လုပ်ဆောင်ရန် တာဝန်ရှိပါသည်။

အမည်စာရင်း တင်သွင်းရေးကော်မတီသည် ဒါရိုက်တာအဖွဲ့၏ လွှမ်းမိုးမှုမှ ကင်းလွတ်စွာဖြင့် ဒါရိုက်တာအဖွဲ့၏ စွမ်းဆောင်ရည်ကို သတ်မှတ်ထားသော အကဲဖြတ်စံနှုန်းများဖြင့် သုံးသပ်နိုင်ပါသည်။ ထိုစံနှုန်းများသည် အစုရှယ်ယာရှင်များ၏ ကာလရှည်တန်ဖိုး မြှင့်တင်ပေးနိုင်ခြင်း အစရှိသည့် ဒါရိုက်တာအဖွဲ့ဝင်များမှ ကြိုတင်ချမှတ်ထားသော စံနှုန်းများဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့ တစ်ခု

လုံး၏ ထိရောက်မှုကို လည်းကောင်း၊ ဒါရိုက်တာ တစ်ဦးချင်းစီက ဒါရိုက်တာအဖွဲ့တစ်ခုလုံး၏ ထိရောက်မှုအလို့ငှာ ပါဝင်ဆောင်ရွက်နိုင်မှုကို လည်းကောင်း၊ အကဲဖြတ်သုံးသပ်ရာတွင် အမည်တင်သွင်းရေးကော်မတီက ကျင့်သုံးရမည့် လုပ်ငန်းစဉ်တစ်ရပ်အား ချမှတ် အကောင်အထည်ဖော်ထားရန် ဒါရိုက်တာအဖွဲ့က ရည်ရွယ်ပါသည်။

အမည်စာရင်းတင်သွင်းရေး ကော်မတီဝင်တိုင်းသည် မိမိအပေါ် စွမ်းဆောင်ရည်အကဲဖြတ်သုံးသပ်ခြင်း သို့မဟုတ် မိမိကို ဒါရိုက်တာအဖြစ် အမည်တင်သွင်းခြင်းနှင့် ပတ်သက်သော အမည်စာရင်းတင်သွင်းရေး ကော်မတီ၏ ဆင်ခြင်သုံးသပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းမှ လည်းကောင်း၊ ယင်းတို့အတွက် အကြံပြုခြင်းမှ လည်းကောင်း၊ ယင်းတို့ဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုခု အလို့ငှာ မဲပေးခြင်းမှလည်းကောင်း ရှောင်ကြဉ်ရပါမည်။

အမည်စာရင်းတင်သွင်းရေးကော်မတီသည်၊ အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတွင် ခွင့်ပြုချက်ရရှိရေးအတွက်၊ ဒါရိုက်တာအဖွဲ့ဝင်များကို အမည်တင်သွင်းခြင်းနှင့် ထပ်မံ အမည်တင်သွင်းခြင်းတို့အတွက် အဆိုပြုချက်များ ပြုလုပ်ရန် အခွင့်အာဏာရှိသည်။

အမည်စာရင်းတင်သွင်းရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို "အဖွဲ့ဝင်တစ်ဦးလျှင်မဲတစ်မဲစနစ် (One Member One Vote System)" ဖြင့် မဲအများစုဖြင့် ဆုံးဖြတ်ရမည်။ မဲတူညီနေခြင်း ဖြစ်ပေါ်သည့်အခါ ဥက္ကဋ္ဌသည် ဒုတိယမဲ သို့မဟုတ် ဆုံးဖြတ်မဲ ပေးရမည်။

**အခကြေးငွေကော်မတီ**

အခကြေးငွေကော်မတီကို အောက်ပါ ကော်မတီဝင် သုံးဦးဖြင့် ဖွဲ့စည်းထားပါသည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးအောင်သန်း | ဥက္ကဋ္ဌ |
| ၂ | ဦးကျော်စွာလွင် | ကော်မတီဝင် |
| ၃ | ဒေါ်ဥမ္မာလွင် | ကော်မတီဝင် |

အခကြေးငွေကော်မတီ၏ ဥက္ကဋ္ဌသည် ဦးအောင်သန်း ဖြစ်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။

အခကြေးငွေကော်မတီသည် ဒါရိုက်တာအဖွဲ့ဝင်များ၏ အခကြေးငွေအတွက် အကြံပြုထောက်ခံချက်များပေးရန် အခွင့်အာဏာရှိသည်။ အခကြေးငွေကော်မတီ၏ အကြံပြုထောက်ခံချက်မရှိလျှင်၊ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦး၏ အခကြေးငွေကို မဲပေးရန် နှင့်/သို့မဟုတ် ခွင့်ပြုရန် အခွင့်အာဏာကို ဘုတ်အဖွဲ့ထံတွင် အပ်နှင်းထားခြင်း မရှိပါ။

အခကြေးငွေကော်မတီသည် ဒါရိုက်တာများနှင့် အရေးပါသော အလုပ်အမှုဆောင်များ အတွက် အခကြေးငွေဆိုင်ရာ မူဘောင်တစ်ရပ်အား ဒါရိုက်တာအဖွဲ့သို့ အကြံပြုတင်ပြရန် လည်းကောင်း၊ ဒါရိုက်တာ တစ်ဦးချင်းစီနှင့် အလုပ်အမှုဆောင်အရာရှိချုပ် အတွက် အခကြေးငွေအတိအကျတို့အား သတ်မှတ်ပေးရန် လည်းကောင်း တာဝန်ရှိပါသည်။ ကျွန်ုပ်တို့ အခကြေးငွေကော်မတီမှ အကြံပြုတင်ပြချက်အပေါ် ဒါရိုက်တာအဖွဲ့တစ်ခုလုံး၏ အတည်ပြုချက် ရယူရပါမည်။ ဒါရိုက်တာကြေး၊ လစာ၊ ခွင့်ပြုစရိတ်၊ ဆုကြေး၊ ရွေးချယ်ပိုင်ခွင့်နှင့် ပစ္စည်းအားဖြင့် အကျိုးခံစားခွင့် အပါအဝင် အခကြေးငွေဆိုင်ရာ ရှုထောင့်အားလုံးကို ကျွန်ုပ်တို့၏ အခကြေးငွေကော်မတီက ထည့်သွင်းစဉ်းစားပါသည်။ အခကြေးငွေ ကော်မတီဝင်တစ်ဦးချင်းစီသည် မိမိ၏ အခကြေးငွေစု (remuneration package) ဖြင့် ပတ်သက်သော အခကြေးငွေကော်မတီ၏ ဆင်ခြင်သုံးသပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းမှ လည်းကောင်း၊ ယင်းအတွက် အကြံပြုခြင်းမှ လည်းကောင်း၊ ယင်းဆိုင်ရာ ဆုံးဖြတ်ချက်တစ်ခုခု အလို့ငှာ မဲပေးခြင်းမှ လည်းကောင်း ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

အခကြေးငွေကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို "အဖွဲ့ဝင်တစ်ဦးလျှင်မဲတစ်မဲစနစ် (One Member One Vote System)" ဖြင့် မဲအများစုဖြင့် ဆုံးဖြတ်ရမည်။ မဲတူညီနေခြင်း ဖြစ်ပေါ်သည့်အခါ ဥက္ကဋ္ဌသည် ဒုတိယမဲ သို့မဟုတ် ဆုံးဖြတ်မဲ

ပေးရမည်။

၂၀၁၈ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ မှတ်တမ်းအရ ကျွန်ုပ်တို့၏ ကော်မတီအဖွဲ့ဝင်များမှ ကျင်းပခဲ့သော အစည်းအဝေး အကြိမ်ရေမှာ အောက်ဖော်ပြပါဇယားအတိုင်း ဖြစ်ပါသည်။

| ကော်မတီများ | အစည်းအဝေးအကြိမ်အရေအတွက် |
|---|---|
| စာရင်းစစ်ကော်မတီ | ၃ |
| လူမှုန်နေရာမှန်ထားရှိရေးကော်မတီ | ၂ |
| အခကြေးငွေကော်မတီ | ၁ |

၂၀၁၈ခုနှစ် မတ်လ (၃၁)ရက်နေ့အထိ ကျွန်ုပ်တို့ကုမ္ပဏီမှ ကျင်းပသော စာရင်းစစ်ကော်မတီအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခဲ့သော ကော်မတီအဖွဲ့ဝင်များကို အောက်ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုနိုင်ပါသည်။

| အမည် | ရာထူး | အစည်းအဝေးတက်ရောက်သည့် အကြိမ်အရေအတွက် |
|---|---|---|
| ဦးသိန်းဇော် | ဥက္ကဋ္ဌ | ၃ |
| ဦးအောင်သန်း | အဖွဲ့ဝင် | ၃ |
| ဦးသီဟလွင် | အဖွဲ့ဝင် | ၃ |
| ဒေါ်ဥမ္မာလှိုင် | အတွင်းရေးမှူး | ၃ |

၂၀၁၈ခုနှစ် မတ်လ (၃၁)ရက်နေ့အထိ ကျွန်ုပ်တို့ကုမ္ပဏီမှ ကျင်းပသော လူမှုန်နေရာမှန်ထားရှိရေး ကော်မတီအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခဲ့သော ကော်မတီအဖွဲ့ဝင်များကို အောက်ဖော်ပြပါ ဇယားတွင် လေ့လာကြည့်ရှုနိုင်ပါသည်။

| အမည် | ရာထူး | အစည်းအဝေးတက်ရောက်သည့် အကြိမ်အရေအတွက် |
|---|---|---|
| ဦးသီဟလွင် | ဥက္ကဋ္ဌ | ၂ |
| ဦးသိန်းဇော် | အဖွဲ့ဝင် | ၂ |
| ဒေါက်တာနန်းလှဲ့ရည်စိုး | အဖွဲ့ဝင် | ၂ |

၂၀၁၈ခုနှစ် မတ်လ (၃၁)ရက်နေ့အထိ ကျွန်ုပ်တို့ကုမ္ပဏီမှ ကျင်းပသော လစာပေးဝေရေး ကော်မတီအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခဲ့သော ကော်မတီအဖွဲ့ဝင်များကို အောက်ဖော်ပြပါ ဇယားတွင် လေ့လာကြည့်ရှုနိုင်ပါသည်။

| အမည် | ရာထူး | အစည်းအဝေးတက်ရောက်သည့် အကြိမ်အရေအတွက် |
|---|---|---|
| ဦးအောင်သန်း | ဥက္ကဋ္ဌ | ၁ |
| ဦးကျော်စွာလွင် | အဖွဲ့ဝင် | ၁ |
| ဒေါ်ဥမ္မာလွင် | အဖွဲ့ဝင် | ၁ |

*Board of Directors*

## ဒါရိုက်တာအဖွဲ့ဝင်များ

### U Myint Lwin

U Myint Lwin is Chairman of the Board and was appointed as a Director on 10 September 2007. As Chairman of the Board, U Myint Lwin organizes and manages issues relating to the future direction and strategy of the Company. He sets the timetable and agenda of board meetings. U Myint Lwin is also on the board of the following companies: Tah Moe Hnye Group Investment and Development Co., Ltd, Tah Moe Hnye Chan Thar Wood Based Industry Co., Ltd, Tah Moe Hnye Chan Thar Mining Co., Ltd, Tah Moe Hnye Chan Thar Nay Pyi Taw Hotel Co., Ltd and Chan Thar Gems Co., Ltd. U Myint Lwin is also the Chairman of Tah Moe Hnye Chan Thar Investment Group Limited and Myanmar Hurricane Investment and Technology Limited.

U Myint Lwin was officially appointed as the "Promoter for Investment, Trade and Tourism" by the Union of Myanmar from 1997 to 2003 to represent Myanmar and attract foreign investments from China, Hong Kong, Thailand, Singapore and Korea. U Myint Lwin had been instrumental in inviting China's largest telecommunications companies such as ZTE and Huawei to invest in Myanmar.

### ဦးမြင့်လွင်

ဦးမြင့်လွင်သည် ၂၀၀၇ခုနှစ်၊ စက်တင်ဘာလ-၁၀ ရက်တွင် ကျွန်ုပ်တို့၏ ဒါရိုက်တာတစ်ဦးအဖြစ် ခန့်အပ်ခြင်းခံရပြီး၊ ယခုအခါ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌဖြစ်သည့်အလျောက်၊ ဦးမြင့်လွင်သည် ကုမ္ပဏီ၏ အနာဂတ်လမ်းညွှန်မှုများနှင့် မဟာဗျူဟာများနှင့်စပ်လျဉ်းသော ကိစ္စရပ်များကို စီစဉ်အုပ်ချုပ်သည်။ ဘုတ်အဖွဲ့ အစည်းအဝေးများအတွက် အချိန်ဇယားနှင့် အစည်းအဝေးအစီအစဉ်များကိုလည်း ချမှတ်ဆောင်ရွက်သည်။ ဦးမြင့်လွင်သည် အောက်ပါ ကုမ္ပဏီတို့၏ ဒါရိုက်တာဘုတ်အဖွဲ့တို့တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ပါသည်။ -

- Tah Moe Hnye Group Investment and Development Co., Ltd
- Tah Moe Hnye Chan Thar Wood Based Industry Co., Ltd
- Tah Moe Hnye Chan Thar Mining Co., Ltd
- Tah Moe Hnye Chan Thar Nay Pyi Taw Hotel Co., Ltd
- Chan Thar Gems Co., Ltd.

ဦးမြင့်လွင်သည် Tah Moe Hnye Chan Thar Investment Group Limited နှင့် Myanmar Hurricane Investment and Technology Limited တို့၏ ဥက္ကဋ္ဌတစ်ဦးလည်းဖြစ်သည်။

မြန်မာနိုင်ငံအား ကိုယ်စားပြုလျက် တရုတ်နိုင်ငံ၊ ဟောင်ကောင်၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ပေးနိုင်ရန် အလို့ငှာ ဦးမြင့်လွင်ကို ၁၉၉၇-ခုနှစ်မှ ၂၀၀၃-ခုနှစ် အတွင်း မြန်မာနိုင်ငံ၏ "ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကိုယ်စားလှယ်" တစ်ဦးအဖြစ် တရားဝင်ခန့်အပ်ခဲ့ပါသည်။ ZTE နှင့် Huawei တို့ကဲ့သို့ တရုတ်ပြည်၏ အကြီးဆုံးဆက်သွယ်ရေးကုမ္ပဏီကြီးများအား မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလာစေရာတွင် ဦးမြင့်လွင်သည် အထူးအရေးပါခဲ့ပါသည်။

**Daw Khin Hnin Lwin**

Daw Khin Hnin Lwin is a Director and was appointed on 10 September 2007. Daw Khin Hnin Lwin is also a director in Tah Moe Hnye Chan Thar Investment Co.,Ltd and the Chairman of Social Midwifery association, Tah Moe Hnye Region, Northen Shan State.

**ဒေါ်ခင်နှင်းလွင်**

ဒေါ်ခင်နှင်းလွင်ကို ၂၀၀၇ခုနှစ်-စက်တင်ဘာလ-၁၀ ရက်တွင် ကျွန်ုပ်တို့၏ ဒါရိုက်တာတစ်ဦးအဖြစ် ခန့်အပ်ခဲ့ပါသည်။ ဒေါ်ခင်နှင်းလွင်သည် Tah Moe Hnye Chan Thar Investment Co.,Ltd ၏ ဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ တာမိုးညဲဒေသ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၏ ဥက္ကဋ္ဌတစ်ဦးလည်းဖြစ်သည်။

**U Kyaw Swar Lwin**

U Kyaw Swar Lwin is a Director and was appointed on 3 September 2011. U Kyaw Swar Lwin holds a Bachelor of Science in Business Management from Adam University at Denver, Colorado in 2009. He is also currently the Deputy Managing Director of Tah Moe Hnye Group Investment & Development Co., Ltd. (since 1 December 2008) and Managing Director of Myanmar Hurricane Investment & Telecom Co., Ltd (since 13 November 2014).

**ဦးကျော်စွာလွင်**

ဦးကျော်စွာလွင်သည် ကျွန်ုပ်တို့၏ ဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ ၂၀၁၁ခုနှစ်-စက်တင်ဘာလ-၃ ရက်တွင် ခန့်အပ်ခဲ့ပါသည်။ ဦးကျော်စွာလွင်သည် Denver, Colorado ရှိ Adam University မှ Bachelor of Science in Business Management ဘွဲ့ဒီဂရီကို ၂၀၀၉ခုနှစ်တွင် ရရှိခဲ့ပါသည်။ ဦးကျော်စွာလွင်သည် ၂၀၀၈ခုနှစ်၊ ဒီဇင်ဘာ-၁ ရက်မှ စ၍ Tah Moe Hnye Group Investment & Development Co., Ltd. တွင် ဒုတိယမန်နေးဂျင်းဒါရိုက်တာအဖြစ် လည်းကောင်း၊၂၀၁၄ခုနှစ် ၊ နိုဝင်ဘာ-၁၃ ရက်မှ စ၍ Myanmar Hurricane Investment & Telecom Co., Ltd တွင် မန်နေးဂျင်းဒါရိုက်တာ အဖြစ် လည်းကောင်း တာဝန်များ ထမ်းဆောင်လျက် ရှိပါသည်။

**U Thiha Lwin**

U Thiha Lwin is the Managing Director of the Board and was appointed as a Director on 10 September 2007. As Managing Director, U Thiha Lwin organizes and is in charge of the delegation of duties to the Directors and supervises the Chief Executive Officer in his running of the day to day business operations of the Company. U Thiha Lwin graduated from the English department of the Beijing Second Language College in 2003 and holds a Bachelor of Arts Degree in Business Management from Yangon University of Distance Education in 2011. U Thiha Lwin began his career with the Company and has been instrumental in the growth and strategic direction of the Company.

U Thiha Lwin is also the managing director in Tea Art Co.,Ltd., deputy managing director in Tah Moe Hnye Chan Thar Investment Co.,Ltd and a director in Myanmar Hurricane Investment and Technology Co.,Ltd.

As announced by the Company on 23 April 2018, Messi will resign from his position as Chief Executive Officer with effect from 30 April 2018. The Company is in the process of finding a replacement and in the meantime, U Thiha Lwin, the Managing Director of the Company, will take on the responsibilities of Chief Executive Officer.

### ဦးသီဟလွင်

ဦးသီဟလွင်သည် ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့တွင် အုပ်ချုပ်မှုဒါရိုက်တာရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး၊ ၂၀၀၇ခုနှစ်-စက်တင်ဘာလ-၁၀ ရက်တွင် ဒါရိုက်တာအဖြစ် စတင်ခန့်အပ်ခဲ့ခြင်းဖြစ်ပါသည်။ မန်နေဂျင်းဒါရိုက်တာတစ်ဦး ဖြစ်သည့်အလျောက်၊ ဦးသီဟလွင်သည် ဒါရိုက်တာများအား တာဝန်လွှဲအပ်ခြင်းတို့ကို စီမံဆောင်ရွက်ပြီး အမှုဆောင်အရာရှိချုပ်၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များ လုပ်ဆောင်ရာတွင် ကြီးကြပ်ကွပ်ကဲပေးသည်။ ဦးသီဟလွင်သည် Beijing Second Language College ၏ English department မှ ၂၀၀၃-ခုနှစ်တွင် အောင်မြင်ခဲ့ပြီး၊ Yangon University of Distance Education မှ Bachelor of Arts Degree in Business Management ကို ၂၀၁၁-ခုနှစ်တွင် ရရှိခဲ့ပါသည်။ ဦးသီဟလွင်သည် ကျွန်ုပ်တို့ ကုမ္ပဏီ၌ပင် လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်ခဲ့ပြီး၊ ကျွန်ုပ်တို့ကုမ္ပဏီ၏ မဟာဗျူဟာဦးတည်ချက် လမ်းကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးပါသူဖြစ်ပါသည်။

ဦးသီဟလွင်သည် Tea Art Co., Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာ၊ Tah Moe Hnye Chan Thar Investment Co., Ltd ၏ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာနှင့် Myanmar Hurricane Investment and Technology Co., Ltd. ၏ ဒါရိုက်တာတစ်ဦးဖြစ်သည်။

### Daw Ohnmar Lwin

Daw Ohnmar Lwin is a Director and was appointed on 11 August 2016. Daw Ohnmar Lwin holds a Bachelor of Law (LL.B) from the Yangon University of Distance Education in 2010.

### ဒေါ်ဥမ္မာလွင်

ဒေါ်ဥမ္မာလွင်သည် ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပြီး၊ ၂၀၁၆ခုနှစ်-ဩဂုတ်-၁၁ ရက်တွင် ခန့်အပ်ခဲ့ပါသည်။ ဒေါ်ဥမ္မာလွင်သည် Yangon University of Distance Education မှ Bachelor of Law (LL.B) ကို ၂၀၁၀-ခုနှစ်တွင် ရရှိခဲ့ပါသည်။

### Dr. Nang Lai Yi Soe

Dr. Nang Lai Yi Soe is a Director and was appointed on 11 August 2016. Dr. Nang Lai Yi Soe holds a Bachelor of Computer Technology Degree (B.C.Tech) from the University of Computer Studies, Mandalay in 2008. Thereafter, she was awarded the Certificate for Completion of the Pre-Master Course (Business Studies) from the Myanmar Imperial College in 2013 and went on to pursue a Master of Business Administration from the University of Northampton in November 2014 which she completed in 2016. In preparation for the Master of Business Administration course, she had attended and obtained the Pearson BTEC Level 7 Diploma in Strategic Management and Leadership and the Pearson BTEC Level 7 Extended Diploma in Strategic Management and Leadership at Myanmar Imperial College in September 2014. After obtaining her Master of Business Administration, Dr. Nang Lai Yi Soe obtained a certificate on Corporate Finance Technical Foundations from the Chartered Institute for Securities & Investments in 2017. In April 2018, Dr. Nang Lai Yi Soe was awarded a PhD degree from Trinity World University in India. She is now currently pursuing diplomas in business law and corporate finance.

Her past working experience is as follows:

| | | |
|---|---|---|
| December 2011 – June 2016 | Tah Moe Hnye' Chan Thar Tun Wai Thar Co.,Ltd | Deputy General Manager |
| January 2010 – November 2011 | Tah Moe Hnye' Chan Thar Tun Wai Thar Co.,Ltd | Head Of Department |
| May 2008 to December 2009 | Tah Moe Hnye' Chan Thar Tun Wai Thar Co.,Ltd | Engineer |

Dr. Nang Lai Yi Soe is also currently a member of the Myanmar Women Entrepreneurs' Association and the managing director of Asia Myanmar Treasure Source Limited.

**ဒေါက်တာနန်းလှဲ့ရည်စိုး**

ဒေါက်တာနန်းလှဲ့ရည်စိုးသည် ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ ၂၀၁၆ခုနှစ်၊ ဩဂုတ်လ-၁၁ ရက်တွင် ခန့်အပ်ခဲ့ပါသည်။ ဒေါက်တာနန်းလှဲ့ရည်စိုးသည် University of Computer Studies, Mandalay မှ Bachelor of Computer Technology (B.C.Tech) ဘွဲ့ဒီဂရီကို ၂၀၀၈-ခုနှစ်တွင် ရရှိခဲ့ပါသည်။ ထို့နောက်၊ သူမသည် Myanmar Imperial College မှ Pre-Master Course (Business Studies) ဆိုင်ရာ Certificate for Completion ကို ၂၀၁၃-ခုနှစ်တွင် ရယူခဲ့ပြီး၊ ၂၀၁၄-နိုဝင်ဘာမှ ၂၀၁၆-ခုနှစ် အတွင်း University of Northampton ၌ Master of Business Administration ပညာရပ်ကို ဆက်လက် တက်ရောက် ဆည်းပူးခဲ့ပါသည်။ အဆိုပါ MBA သင်တန်းအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သူမသည် ၂၀၁၄-စက်တင်ဘာတွင် Strategic Management and Leadership ဆိုင်ရာ Pearson BTEC Level 7 Diploma အားလည်းကောင်း၊ Pearson BTEC Level 7 Extended Diploma အားလည်းကောင်း Myanmar Imperial College ၌ ရယူခဲ့ပါသည်။ MBA ဘွဲ့ဒီဂရီ ရရှိပြီးနောက် ဒေါက်တာနန်းလှဲ့ရည်စိုးသည် Chartered Institute for Securities & Investments မှ Corporate Finance Technical Foundations ဆိုင်ရာ certificate လက်မှတ်ကို ၂၀၁၇-ခုနှစ်တွင် ရယူခဲ့ပါသည်။ လက်ရှိအချိန်၌ သူမသည် စီးပွားရေးလုပ်ငန်း ဆိုင်ရာ ဥပဒေနှင့် ကုမ္ပဏီအဖွဲ့အစည်း ဆိုင်ရာ ဘဏ္ဍာရေး ဘာသာရပ်များ အတွက် ဒီပလိုလက်မှတ်များ ရရှိရန် ပညာ သင်ယူ ဆည်းပူးလျက်ရှိသည့် အပြင်၊ လက်ရှိအချိန်တွင်Trinity World University မှ PhD ဘွဲ့ကိုလည်း ရရှိထားပြီးဖြစ်ပါသည်။

သူမ၏ လုပ်ငန်း အတွေ့အကြုံမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

| | | |
|---|---|---|
| ၂၀၁၁ခုနှစ် ၊ ဒီဇင်ဘာမှ ၂၀၁၆-ဇွန် အထိ | တာမိုးညဲချမ်းသာထွန်းဝေသာကုမ္ပဏီလီမိတက် | ဒုတိယ အထွေထွေမန်နေဂျာ |
| ၂၀၁၀ခုနှစ်၊ ဇန်နဝါရီမှ ၂၀၁၁-နိုဝင်ဘာ အထိ | တာမိုးညဲချမ်းသာထွန်းဝေသာကုမ္ပဏီလီမိတက် | ဌာနမှူး |
| ၂၀၀၈ခုနှစ် ၊ မေမှ ၂၀၀၉-ဒီဇင်ဘာ အထိ | တာမိုးညဲချမ်းသာထွန်းဝေသာကုမ္ပဏီလီမိတက် | အင်ဂျင်နီယာ |

ဒေါက်တာနန်းလှဲ့ရည်စိုးသည် Myanmar Women Entrepreneurs' Association ၏ လက်ရှိအသင်းဝင်တစ်ဦး ဖြစ်ပြီး၊ Asia Myanmar Treasure Source Limited ၏ မန်နေးဂျင်းဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။

**Daw Thu Zar**

Daw Thu Zar is a Director and was appointed on 11 August 2016. Daw Thu Zar holds a degree from the Department of English Soochow University in Taiwan in 2001. Daw Thu Zar has over 10 years of working experience in company management administration. Daw Thu Zar is the managing director of Baima Engineering Technology Company and a director of Golden Trader Co., Ltd.

**ဒေါ်သူဇာ**

ဒေါ်သူဇာသည် ကျွန်ုပ်တို့၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပြီး၊ ၂၀၁၆ ခုနှစ်-ဩဂုတ်လ-၁၁ ရက်တွင် ခန့်အပ်ခဲ့ပါသည်။ ဒေါ်သူဇာသည် Taiwan နိုင်ငံ၊ Soochow University၊ Department of English မှ အပ်နှင်းသော ဘွဲ့ဒီဂရီကို ၂၀၀၁-ခုနှစ်က ရရှိထားပြီး၊ ကုမ္ပဏီ စီမံခန့်ခွဲ အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ ၁၀-နှစ်ကျော် အတွေ့အကြုံ ရှိပါသည်။ ဒေါ်သူဇာသည် Baima Engineering Technology Company ၏ မန်နေးဂျင်းဒါရိုက်တာနှင့် Golden Trader Co., Ltd. ၏ ဒါရိုက်တာတစ်ဦးဖြစ်သည်။

**U David Oliver Abel**

U David Oliver Abel is a Non-Executive Director and was appointed on 25 June 2017. U David Oliver Abel graduated from the Royal Military Academy with a PhD in development economics. He had served in various positions in the Myanmar government as a retired Brigadier General in the Myanmar Army and a former cabinet Minister with posts ranging from Minister of Trade, Finance & Revenue, Economic Planning and as Development Minister in the Chairman's Office, State Peace and Development Council.

Please also see below table which sets out U David Oliver Abel's various notable appointments in the course of his career in Myanmar.

| No. | Appointment |
|---|---|
| 1. | Advisor to the Minister of Finance (1962 – 1964) |
| 2. | Chief Instructor Law and Administration Training School (1965 – 1970) |
| 3. | Executive Officer of the 88 Light Infantry Division (1970 -1976) |
| 4. | Assistant Quartermaster General (1976 – 1984) |
| 5. | Director General (Planning and Statistics of the Ministry of Livestock and Fisheries) |

U David Oliver Abel is also the founder of the Union of Myanmar Economic Holding, Advisory Counselor to the Wold Vision International (Myanmar) and Chairman of the ASK Consultant Group.

**ဦးဒေးဗစ်အိုလီဗာ အေဘယ်လ်**

ဦးဒေးဗစ်အိုလီဗာ အေဘယ်လ်သည် ကျွန်ုပ်တို့၏ကုမ္ပဏီတွင် အမှုဆောင်မဟုတ်သော (Non-Executive) ဒါရိုက်တာတစ်ဦး ဖြစ်ပြီး၊ [၂၀၁၇ခုနှစ်-ဇွန်လ-၂၅ ရက်]တွင် ခန့်အပ်ခဲ့ပါသည်။ U David Oliver Abel သည် ဖွံ့ဖြိုးတိုးတက်မှု စီးပွားရေး ဘာသာရပ်တွင် PhD ဖြင့် Royal Military Academy မှ အောင်မြင်ခဲ့ပါသည်။ မြန်မာ့တပ်မတော်တွင် ဗိုလ်မှူးချုပ် (ယခု အငြိမ်းစား) အဖြစ်လည်းကောင်း၊ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး၊ အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၊ ဥက္ကဋ္ဌရုံး၊ စသည့် ရာထူးအသီးသီးဖြင့် အစိုးရအဖွဲ့ဝင်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

U David Oliver Abel ၏ မြန်မာနိုင်ငံဆိုင်ရာ တာဝန်အပ်နှင်းခံရမှုများကို အောက်ပါဇယားတွင် ဆက်လက်ဖော်ပြထားပါသည်။

| စဉ် | ရာထူး |
|---|---|
| ၁ | ဘဏ္ဍာရေးဝန်ကြီး အတွက် အကြံပေးပုဂ္ဂိုလ် (၁၉၆၂-၁၉၆၄) |
| ၂ | ဥပဒေနှင့် အုပ်ချုပ်ရေး သင်တန်းကျောင်း ဆရာကြီး (၁၉၆၅-၁၉၇၀) |
| ၃ | အမှတ်-၈၈ မြေမြန်တပ်ရင်း တပ်မှူး (၁၉၇၀-၁၉၇၆) |
| ၄ | တွဲဖက် စစ်ထောက်ချုပ် (၁၉၇၆-၁၉၈၄) |
| ၅ | ညွှန်ကြားရေးမှူးချုပ် (မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာန) |

U David Oliver Abel သည် Union of Myanmar Economic Holding ကို စတင်တည်ထောင်ခဲ့သည့်အပြင်၊ Wold Vision International (Myanmar) အတွက် Advisory Counselor အဖြစ်လည်းကောင်း၊ ASK Consultant Group ၏ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်နေသူလည်း ဖြစ်ပါသည်။

**U Aung Than**

U Aung Than is a Non-Executive Director and was appointed on 3 September 2016. U Aung Than holds a Bachelor of Commerce B.Com (AA) from the Yangon Institute of Economics in 1971 and a Diploma in Economic Planning (D.E.P) from the Yangon Institute of Economics in 1981. He served as the Assistant Budget Officer in the Budget Department of the Ministry of Planning and Finance from 1971 to 1982. He was registered as a registered lawyer in Myanmar in 1978 and thereafter admitted as an Advocate of the Supreme Court of Myanmar in 1984. U Aung Than is now also serving as a business consultant.

**ဦးအောင်သန်း**

ဦးအောင်သန်းသည် ကျွန်ုပ်တို့၏ကုမ္ပဏီတွင် အမှုဆောင်မဟုတ်သော (Non-Executive) ဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ [၂၀၁၆ ခုနှစ်-စက်တင်ဘာလ-၃ ရက်] က ခန့်အပ်ခဲ့ပါသည်။ ဦးအောင်သန်းသည် Yangon Institute of Economics မှ Bachelor of Commerce B.Com (AA) ဘွဲ့ဒီဂရီကို ၁၉၇၁-ခုနှစ်တွင် လည်းကောင်း၊ Diploma in Economic Planning (D.E.P) ဒီပလိုမာကို ၁၉၈၁-ခုနှစ်တွင် လည်းကောင်း ရရှိထားပါသည်။ ၎င်းသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဌာနတွင် လက်ထောက်ဦးစီးအရာရှိ အဖြစ် ၁၉၇၁-ခုနှစ်မှ ၁၉၈၂-ခုနှစ် အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၁၉၇၈-ခုနှစ်တွင် ရှေ့နေအဖြစ် မှတ်ပုံတင်ခဲ့ပြီး၊ ၁၉၈၄-ခုနှစ်တွင် မြန်မာနိုင်ငံတရားလွှတ်တော်ချုပ်၌ တရားလွှတ်တော်ရှေ့နေ ဖြစ်လာပါသည်။ ဦးအောင်သန်းသည် ယခုအခါ စီးပွားရေးလုပ်ငန်း အတိုင်ပင်ခံတစ်ဦးအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

**U Thein Zaw**

U Thein Zaw is a Non-Executive Director and was appointed on 3 September 2016. U Thein Zaw holds a Bachelor of Economics (Statistics) from the Yangon Institute of Economics in 1979. Thereafter, he obtained a Diploma in Automatic Computing from the Yangon University in 1985 and a Diploma in Computer Data Systems from the U.S Department of Commerce, Bureau of the Census, International Statistical Programs Center in 1988.

U Thein Zaw was the Deputy Planning Officer in the Ministry of Planning and Finance from 1981 to 1992 and thereafter was a staff officer with the Internal Revenue Department from 1992 to 2016.

**ဦးသိန်းဇော်**

ဦးသိန်းဇော်ကို ကျွန်ုပ်တို့၏ ကုမ္ပဏီတွင် အလုပ်အမှုဆောင် အဖြစ် မဆောင်ရွက်သော (Non-Executive) ဒါရိုက်တာ တစ်ဦး ဖြစ်ပြီး၊ [၂၀၁၆ခုနှစ်-စက်တင်ဘာလ-၃ ရက်] က ခန့်အပ်ခဲ့ပါသည်။ ဦးသိန်းဇော်သည် Yangon Institute of Economics မှ Bachelor of Economics (Statistics) ဘွဲ့ဒီဂရီကို ၁၉၇၉-ခုနှစ်က ရရှိခဲ့ပါသည်။ ယင်းနောက် ၎င်းသည် Yangon University မှ a Diploma in Automatic Computing ကို ၁၉၈၅-ခုနှစ်တွင် လည်းကောင်း၊ U.S Department of Commerce, Bureau of the Census, International Statistical Programs Center မှ Diploma in Computer Data Systems ကို ၁၉၈၈-ခုနှစ်တွင် လည်းကောင်း ရရှိခဲ့ပါသည်။

ဦးသိန်းဇော်သည် ၁၉၈၁-ခုနှစ်မှ ၁၉၉၂-ခုနှစ် အတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၌ ဒုတိယ စီမံကိန်းအရာရှိ အဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီးနောက်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၌ ၁၉၉၂-ခုနှစ်မှ ၂၀၁၆-ခုနှစ် အထိ ဦးစီးအရာရှိ အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

*Executive Officers*

**Li Zhen Hua, Messi**

Li Zhen Hua, Messi is the Chief Executive Officer of TMH and he joined TMH in May 2016. As Chief Executive Officer, he is in charge of the day to day business operations of the Company and reports to the Board of Directors. He holds a Master of Communication and Information System from the Wuhan Research Institute of Posts and Telecommunications in 2009.

His past working experience is as follows:

| | | |
|---|---|---|
| May 2014 – March 2016 | Huawei Technologies (Myanmar) Co.,Ltd | Marketing Director |
| January 2012 – April 2014 | Huawei Technologies (Myanmar) Co.,Ltd | Senior Solution Director |
| May 2011 – January 2012 | Huawei Technologies (Thailand) Co.,Ltd | Solution Manager |
| May 2009 – April 2011 | Fiberhome International Technologies Co.,Ltd | R&D Manager |

As announced by the Company on 23 April 2018, Messi will resign from his position as Chief Executive Officer with effect from 30 April 2018. The Company is in the process of finding a replacement and in the meantime, U Thiha Lwin, the Managing Director of the Company, will take on the responsibilities of Chief Executive Officer.

**Daw Ohnmar Hlaing**

Daw Ohnmar Hlaing is the Chief Financial Officer of TMH and she joined TMH in June 2017. She holds a Bachelor of Commerce degree (B.Com) from the Yangon Institute of Economics in 1997 and was certified as a Certified Public Accountant from the Myanmar Accountancy Council in 1999.

Her past working experience is as follows:

| | | |
|---|---|---|
| November 1998 – July 2001 | Pinya Manufacturing Company Limited | Accountant |
| August 2001 – June 2006 | Pinya Manufacturing Company Limited | Assistant Finance Manger |
| July 2006 – September 2009 | Suntree Agriculture Produce Company Limited | Finance Manager |
| October 2009 – March 2010 | Blue Diamond Manufacturing & Distribution Company Limited | Chief Accountant |
| April 2010 – September 2016 | Blue Diamond Manufacturing & Distribution Company Limited | Finance Manager |

**အမှုဆောင်အရာရှိများ**

**Li Zhen Hua, Messi**

Li Zhen Hua, Messi သည် TMH ၏ အမှုဆောင်အရာရှိချုပ်( Chief Executive Officer) ဖြစ်ပြီး၊ TMH သို့ ၂၀၁၆ခုနှစ် ၊ မေလတွင် စတင်ဝင်ရောက်ခဲ့ပါသည်။ အမှုဆောင်အရာရှိချုပ်တစ်ဦး ဖြစ်သည့်အလျောက် ကုမ္ပဏီ၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များကို တာဝန်ယူလုပ်ဆောင်ခဲ့ပြီး ဒါရိုက်တာအဖွဲ့သို့ အစီရင်ခံတင်ပြပါသည်။ ၎င်းသည် Wuhan Research Institute of Posts and Telecommunications မှ Master of Communication and Information System ဒီဂရီဘွဲ့ကို ၂၀၀၉ခုနှစ်တွင် ရရှိခဲ့ပါသည်။

Li Zhen Hua, Messi ၏ လုပ်ငန်းအတွေ့အကြုံမှာ အောက်ဖော်ပြပါ ဇယားအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ၂၀၁၄ မေမှ ၂၀၁၆ မတ်အထိ | Huawai Technologies (Myanmar) Co.,Ltd | ဈေးကွက်တင်ဒါဆိုင်ရာ ဒါရိုက်တာ |
| ၂၀၁၂ ဇန်နဝါရီ မှ ၂၀၁၄ ဧပြီလအထိ | Huawai Technologies (Myanmar) Co.,Ltd | Senior Solution Director |
| ၂၀၁၁ မေ မှ ၂၀၁၂ ဇန်နဝါရီအထိ | Huawai Technologies (Myanmar) Co.,Ltd | Solution Manager |
| ၂၀၀၉ မေမှ ၂၀၁၁ ဧပြီထိ | Fiber International Technolgies Co.,Ltd | သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးမန်နေဂျာ (R&D Manager) |

**ဒေါ်ဥမ္မာလှိုင်**

ဒေါ်ဥမ္မာလှိုင်သည် TMH ၏ ဘဏ္ဍာရေးအရာရှိချုပ် (Chief Financial Officer) ဖြစ်ပြီး၊ TMH သို့ ၂၀၁၇ခုနှစ်-ဇွန်လတွင် စတင်ဝင်ရောက်ခဲ့ပါသည်။ ၎င်းသည် Yangon Institute of Economics မှ Bachelor of Commerce (B.Com) ဘွဲ့ဒီဂရီကို ၁၉၉၇-ခုနစ်က ရရှိခဲ့ပြီး၊ ၁၉၉၉-ခုနှစ်တွင် Myanmar Accountancy Council မှ Certified Public Accountant လက်မှတ်ကို ရရှိခဲ့ပါသည်။

ဒေါ်ဥမ္မာလှိုင်၏ လုပ်ငန်း အတွေ့အကြုံမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

| | | |
|---|---|---|
| ၁၉၉၈-နိုဝင်ဘာ မှ ၂၀၀၁-ဇူလိုင် ထိ | Pinya Manufacturing Company Limited | စာရင်းကိုင် |
| ၂၀၀၁-ဩဂုတ် မှ ၂၀၀၆-ဇွန် ထိ | Pinya Manufacturing Company Limited | လက်ထောက် ဘဏ္ဍာရေးမန်နေဂျာ |
| ၂၀၀၆-ဇူလိုင် မှ ၂၀၀၉-စက်တင်ဘာ ထိ | Suntree Agriculture Produce Company Limited | ဘဏ္ဍာရေးမန်နေဂျာ |
| ၂၀၀၉-အောက်တိုဘာ မှ ၂၀၁၀-မတ် ထိ | Blue Diamond Manufacturing & Distribution Company Limited | စာရင်းကိုင်ခေါင်းဆောင် |
| ၂၀၁၀-ဧပြီ မှ ၂၀၁၆-စက်တင်ဘာ ထိ | Blue Diamond Manufacturing & Distribution Company Limited | ဘဏ္ဍာရေးမန်နေဂျာ |

***Board of Directors' Interest in Shares***

As of 31 March 2018, none of our Directors hold Shares in our Company except as set out below:

